**နိုင်ငံခြားသား အမြဲနေထိုင်ခွင့်(Permanent Residence)လျှောက်ထားခြင်း**

နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့် (Permanent Residence) လျှောက်ထားရာ၌ မူလက မြန်မာနိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ဌာနစိတ်၌သာ လျှောက်ထား ခွင့်ပြုခဲ့သော်လည်း လျှောက်ထားသူများ အချိန်နှင့် ငွေကြေးသက်သာစေရန်အတွက် လူဝင်မှု ကြီးကြပ်ရေးဌာန၊ ဌာနစိတ် (သို့မဟုတ်) ပြည်ပရှိ သက်ဆိုင်ရာ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် လျှောက်ထားနိုင်သည်ဟု ပြင်ဆင်ဖြေလျှော့ပေးခဲ့ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့မှတစ်ဆင့် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်လျှောက်ထားလိုသူများအနေဖြင့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ကနဦးလျှောက်ထားပေးသွင်းရမည့် အခကြေးငွေ အမေရိကန် ဒေါ်လာ(၅၀၀)အား ပေးသွင်း၍ လျှောက်ထားနိုင်ပါသည်။

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများအား ပူးတွဲပါ link တွင် ဖတ်ရှုနိုင်ပါသည်-

အသေးစိတ် သိရှိလိုသည့် အချက်များရှိပါက မြန်မာသံရုံး၊ ဝါရှင်တန်မြို့၏ အောက်ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

Consular Section
Embassy of the Republic of the Union of Myanmar
2300 S Street NW Washington DC 20008
Tel. No. (202) 332-4352, (202) 238-9332
Office Hours: Monday-Friday
09:30 to 12:00 (EST)
13:00 to 17:00 (EST)

## ကာယကံရှင်မှ ဆောင်ရွက်ရမည့် အချက်များ

**လျှောက်လွှာလက်ခံမည့် အရာရှိထံတွင်**

၁။ ပြည့်စုံစွာဖြည့်စွက်ထားသော သတ်မှတ်ပုံစံ အမနာ (AMANA FORM-1) (အင်္ဂလိပ်) လျှောက်လွှာအား နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ မိတ္တူ(၃)စုံပြုစု၍ **ကာယကံရှင်ကိုယ်တိုင်** လာရောက် တင်ပြရမည်။

၂။ သက်တမ်းရှိသောPassport မူရင်းနှင့်အတူ မြန်မာနိုင်ငံတွင် တစ်ဆက်တည်း နေထိုင်ခဲ့သော ကာလ အထောက်အထားများကို အောက်ပါအတိုင်း တင်ပြရမည်-

- **(ကျွမ်းကျင်/ရင်းနှီး)** နိုင်ငံခြားသားဖြစ်ပါက (၃)နှစ် နေထိုင်ခဲ့သည့် Visa & Stay Permit ဆိုင်ရာ အထောက်အထားများ (နိုင်ငံကူးလက်မှတ်၊ လေဆိပ် အဝင်/ အထွက် တံဆိပ် မိတ္တူစုံသည်)
- **(မြန်မာနိုင်ငံသားနှင့် ဆက်စပ်သူ)** နိုင်ငံခြားသားဖြစ်ပါက (၂)နှစ် နေထိုင်ခဲ့သည့် Visa & Stay Permit ဆိုင်ရာ အထောက်အထားများ (နိုင်ငံကူးလက်မှတ်၊ လေဆိပ် အဝင်/ အထွက် တံဆိပ် မိတ္တူစုံသည်)
- **မြန်မာနိုင်ငံသားဟောင်း**ဖြစ်ပါက ပြည်ဝင်ဗီဇာဖြင့် ဝင်ရောက်နေထိုင်ခဲ့သည့် Visa & Stay Permit ဆိုင်ရာ အထောက်အထားများ (နိုင်ငံကူးလက်မှတ်၊ လေဆိပ် အဝင်/ အထွက် တံဆိပ် မိတ္တူစုံသည်) တင်ပြရမည်။

၃။ တာဝန်ခံအရာရှိ၏ စိစစ်မေးမြန်းချက်များကို အထောက်အထားများဖြင့် ပြည့်စုံ မှန်ကန်စွာ တင်ပြရမည်။

၄။ သံရုံးတာဝန်ခံအရာရှိမှ လျှောက်လွှာလက်ခံပါက ကနဦး PR လျှောက်ထားမှုအတွက် **ပြန်လည် ထုတ်ယူ၍မရသည့် အမေရိကန်ဒေါ်လာ (၅၀၀)** ကို Money Order ဖြင့် သံရုံးတွင် ပေးသွင်းရမည်။

၅။ အမေရိကန်ဒေါ်လာ(၅၀၀) ပေးသွင်းသည့် Money Order မူရင်း၊ စာရွက်စာတမ်းမူရင်း နှင့်မိတ္တူများကို တာဝန်ခံအရာရှိထံ ပေးအပ်ပြီးနောက် မိမိတင်ပြထားသည့် စာရွက်စာတမ်း အထောက်အထား မူရင်းများကို သံရုံးတာဝန်ခံအရာရှိရှေ့၌ စစ်ဆေးစေပြီး၊ အမန ပုံစံ-၁ (AMANA FORM-1)၊ အပိုင်း(က) (PART A) လက်ခံရရှိခြင်း(RECEIPT) စာမျက်နှာတွင် ကာယကံရှင်မှ လက်မှတ်ရေးထိုး၍ ပြန်လည်ထုတ်ယူရမည်။